# BASIC
# FAMILY LIFE

# အခြေခံ
# မိသားစု အသက်တာ

By

Henry Pulsifer

Copyright, 1990
ALL Rights Reserved

# အခြေခံ မိသားစု အသက်တာ

## နိဒါန်း

ဘုရားသခင်သည် သင်၏အသက်တာအတွက် မွန်မြတ်သော အကြံအစည်တော် ရှိသည်။ လူတိုင်း၏ အသက်တာတွင် အောင်မြင်မှုရရှိခြင်းသည် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေခြင်း အပေါ်မူ တည်နေသည်။ ဘုရားသခင်၏ အကြံအစည်တော်ကို သိရှိနိုင်ရန်နှင့် ထိုအကြံအစည်တော်ကို ပြည့်စုံစေနိုင်ရန် ကျွန်ုပ်တို့သည် မိသားစုဆက် ဆံရေး၌နေ့စဉ် အဘယ်သို့ အသက်ရမည်ကို သင်ယူရပါမည်။ ထို့ကြောင့် ဤသင်ခန်းစာကို ပြုစုထားခြင်းဖြစ်သည်။

သင်ခန်းစာတိုင်းတွင် အပိုင်းသုံးပိုင်း ခွဲခြားထားသည်။ (က) နှုတ်ကပတ်တော် လေ့လာခြင်း၊ (ခ) အခြေခံမေးခွန်းများနှင့် (ဂ) ကျက်မှတ်ရန်

ကျမ်းချက် စသည်တို့ဖြစ်သည်။ နှုတ်ကပတ်တော် လေ့လာခြင်းသည် ဘုရားသခင်၏ စကားတော်ကို သွန်သင်ပါလိမ့်မည်။ အခြေခံမေး ခွန်းများသည် နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နိုင်ရန် အထောက်အကူ ဖြစ်စေလိမ့်မည်။ ကျမ်းချက်များကို ကျက်မှတ်ခြင်းသည် သမ္မာတရားကို နှလုံးသားထဲ၌ သိထားနိုင်ရန် ဖြစ်သည်။

ဤသင်ခန်းစာထဲတွင် သင်သည် ဘုရားသခင် အလိုတော်ရှိသော ယောကျ်ားကောင်း၊ မိန်းမကောင်း၊ ဇနီးကောင်းနှင့် ခင်ပွန်း ကောင်းဖြစ်နိုင်ရန် သွန်သင်ပါလိမ့်မည်။ သားသမီးများကို သခင်ဘုရား၌ အဘယ်သို့ ပြုစုပျိုးထောင်ရမည်၊ တစ်ဦးတည်း အဘယ်သို့နေထိုင်ရမည်၊ ပျောက်ဆုံးဝိညာဉ်များကို အဘယ်သို့ ခရစ်တော်ထံ ခေါ်ဆောင်ရမည် ကို သွန်သင်ပါလိမ့်မည်။

သင်ခန်းစာတိုင်းကို ဆုတောင်းခြင်းဖြင့် အစပြုပါ။ အဖြေများကိုလည်း ကွက်လပ်များတွင်ရေးချပါ။ လေ့လာသည်အတိုင်း အသက်ရှင်နိုင်ရန် ဘုရားသခင်အား အကူအညီတောင်း

လျှောက်ပါ။ နှုတ်ကပတ်တော် လေ့လာသည် နှင့်အညီ ဘုရားသခင်သည် မိတ်ဆွေအား ကောင်း ကြီးပေးပါစေသော။

## သင်ခန်းစာ ၁။

## ယောကျ်ား

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ မည်သူ၏ပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်း သနည်း။ (ကမ္ဘာဦး ၁း၂၆-၂၇) ---------------------------------

၂။ လူတို့အတွက် ဘုရားသခင်၏ အကြံအစည် တော်သည် အဘယ်နည်း။ (ကမ္ဘာဦး ၁း၂၈၊

ဆာလံ ၁၁၅း၁၆၊ ၈း၅–၈) ---------------------------------------------

၃။ ဤအကြံအစည်တော် ခက်ခဲအောင် လူသည် ဘာလုပ်ခဲ့သနည်း။ (ကမ္ဘာဦး ၃)---------------------------------

၄။ လူသည် စာတန်အပေါ် အောင်မြင်ပြီး အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို အဘယ်သို့ ပြည့်စုံစေနိုင်မည်နည်း။ (၁ ယော ၁း၉၊ ၅း၄–၅၊ မဿဲ ၆း၃၃၊ ယောဟန် ၁း၂၉၊ ဗျာဒိတ် ၁၂း၁၀–၁၁) ------------------------------

၅။ အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေရန် ဘုရားသခင်သည် လူတို့အား ဘာကိုပေးတော်မူသ နည်း။ (ဧဖက် ၄း၈၊ ရောမ ၁၂း၆၊ ၁၁း၂၉) ----------------------

၆။ လူသည် မိမိ၏လက်ဆောင်ကို အသုံးပြုရန် ပညာကိုအဘယ်သို့ ရရှိသနည်း။ (သုတ္တံ ၁း၇၊ ၉း၉–၁၀၊ ၁၃း၂၀၊ ယာကုပ် ၁း၅( ---

၇။ ယောက်ျားသည် အသက်တာ၌ မိမိနေရာကို အဘယ်သို့ ရှာတွေ့ သနည်း။(သုတ္တံ ၁၈း၁၆) ---------------------------

၈။ ယောက်ျားသည် ဘုရားသခင်အတွက် မိမိ၏လက်ဆောင်ကို အသုံးမပြုသောအခါ ဘာဖြစ်သနည်း။ (မဿဲ ၂၅း၁၄း၃၀) ------------------------------------

၉။ ယောက်ျား၏အသက်တာကို ဘယ်သူက ဦးဆောင်သနည်း။ (သုတ္တံ ၁၆း၉) ----------------------------------------

၁၀။ ယောက်ျားသည် အသက်တာအပေါ် အဘယ်သို့ သဘောထား သင့်သနည်း။ (ဒေသနာကျမ်း ၃း၂၂၊ ၂း၂၄-၂၆) ----------------------------------------

၁၁။ ယောက်ျားသည် အခြားသူများနှင့် အဘယ်သို့ ပေါင်းသင်းသင့် သနည်း။ (၁ ယော ၄း၇၊ ဂလာတိ ၅း၁၃-၁၄၊ ၁ တိ ၅း၁-၂) --------------------------------------------

၁၂။ ဘုရားသခင် မိန့်တော်မူသည်အတိုင်း လူတို့ကို ချစ်သောအခါ ဘာဖြစ်သနည်း။ (ရောမ ၁၂း၂၁) ------------------

၁၃။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မကောင်းမှုကို အောင်မြင်ခြင်း၏ ရလဒ်များ သည် အဘယ်နည်း။(ဗျာဒိတ် ၂၁း၇) ----- -----------------------------

**အခြေခံမေးခွန်းများ။** (ယောကျ်ားများအတွက်သာ) လေ့လာချက်အတိုင်း အသက်ရှင်နိုင်အောင် ကူညီ ရန်။

၁။ ဘုရားသခင်၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်း သော ယောကျ်ားအဖြစ် ကိုယ့်ကိုယ်ကိုယ် မြင်တွေ့နိုင်သလား။ မှန်---၊ မှား----- မဟုတ်ပါက ယခုမြင်တွေ့နိုင်ရန် ချက်ချင်း ဆုတောင်းပါ။

၂။ နှလုံးသားကို ခရစ်တော်ထံ အပ်နှံပြီး အ သက်တာအတွက် အလိုတော်ကို ပြည့်စုံအောင်

အသက်ရှင်ပါသလား။ မှန်---၊ မှား---။ မဟုတ်ပါက အောက်ပါအတိုင်း ဆုတောင်းပါ။

ဘုရားသခင်၊ ယေရှုခရစ်အားဖြင့် ဖော်ပြတော်မူသော ချစ်ခြင်း မေတ္တာကြောင့် ဝမ်းမြောက်ပါ၏။ ကိုယ်တော်ကို လိုအပ်ပါ၏။ စာတန်နှင့် ဤလောကအရာများမှ ကိုယ်တော်ထံသို့ ပြန်လာပါ၏။ ကျွန်ုပ်၏နှလုံးသားကို ဖွင့်ဟပြီးအပြစ်များအတွက် နောင်တရပါ ၏။ ယေရှုဘုရားသည် ကျွန်ုပ်အတွက် အသေခံပြီး နောက် ရှင်ပြန် ထမြောက်ကြောင်း ကျွန်ုပ်ယုံကြည်လက်ခံပါ၏။ ကျွန်ုပ်၏နှလုံး သားထဲ၌ ကိန်းဝပ်ပြီး ကယ်မတော်မူပါ။ ကျွန်ုပ်၏သခင်၊ ကယ်တင်ရှင်ဖြစ်လျက် အသက်တာကို အုပ်စိုးတော်မူပါ။ ကိုယ်တော်အတွက် အသက်ရှင်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတော်မူပါ။ ကျွန်ုပ်၏ဆုတောင်းသံကို အဖြေပေးသောကြောင့် ကျေးဇူးတင်ပါ၏။ ယေရှုဘုရား၏နာမတော်မြတ်၌ ဆုတောင်းပါ၏။ အာမင်။

၃။ ဘုရားသခင် ပေးတော်မူသော လက်ဆောင်ကို ရရှိပြီလား။ မှန် ---၊ မှား ---။ မရသေးပါက ဘုရားသခင်အား ဆုတောင်းပါ။

၄။ သင့်အတွက် ဘုရားသခင်ပေးသော လက်ဆောင်၌ အသက်တာကို ရှာမည့်အစား သင်မဖြစ်သည့်အရာကို ရှာနေသလား။မှန် --၊ မှား ---။ ဤသို့ဖြစ်ပါက သူ၏လက်ဆောင်ကို သူ့၏အမှုတော် အတွက် အသုံးပြုပြီး အသက်ရှင်နိုင်ရန် ဆုတောင်းပါ။

၅။ သင့်အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်၌ ဝမ်းမြောက်ပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက ကျေးဇူးတင်တတ်သော နှလုံးသားကို ပေးတော်မူရန် ဆုတောင်းပါ။

၆။ သင့်ပတ်ဝန်းကျင်ရှိ လူတို့အပေါ် မေတ္တာပြခြင်းဖြင့် ဤလောကရှိ မကောင်းမှုကို အောင်မြင်နိုင်ရန် ကြိုးစားပါသလား။ မှန် ---၊

မှား---။ မဟုတ်ပါက နောင်တရပြီး ဘုရားရှင်ထံ ဆုတောင်းပါ။

**ကျက်မှတ်ရန်။ ဆာလံ ၁၁၅း၁၆** ကို ကျက်မှတ်ခြင်းဖြင့် နှုတ်ကပတ်တော်ကို နှလုံးသားထဲ၌ သိုလှောင်ပါ။

**ယောကျ်ားသည် ယေရှုအတွက် အသက်ရှင်ရာတွင် ဘုရားသခင် ပေးတော်မူသော ကောင်းကြီးမင်္ဂလာ၌ ဝမ်းမြောက်ခြင်း ရှိပါစေ။**

## သင်ခန်းစာ ၂။

## အမျိုးသမီး

**ကျမ်းစာလေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို ကြည့်ပြီး မေးခွန်းများကို ဖြေပါ။

၁။ မိန်းမကို မည်သူ၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းသနည်း။ ကမ္ဘာဦးကျမ်း ၁း၂၆–၂၇ – –––––––––––––––––––––––––––––

၂။ မိန်းမအတွက် ဘုရားသခင်၏ အကြံအစည်တော်သည် အဘယ်နည်း။ (ကမ္ဘာ ၁း၂၈၊ ၂း၁၈) –––––––––––––––––––––––

၃။ ဤအကြံအစည်ကို ခက်ခဲအောင် မိန်းမသည် ဘာလုပ်ခဲ့သနည်း။ (ကမ္ဘာ ၃) ––––––––– ––––––––––––––––––––––––––

၄။ မိန်းမသည် စာတန်ကို အောင်မြင်ပြီး အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို အဘယ်သို့ ပြည့်စုံစေနိုင်မည်နည်း။ (၁ ယောဟန် ၁း၉၊ ၅း၄–၅၊ ယောဟန် ၁း၂၉၊ ဗျာဒိတ် ၁၂း၁၀–၁၁၊ မဿဲ ၆း၃၃) –––––––––––––––––––––––

၅။ မိန်းမသည် မိမိအသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေရန် ဘုရားသခင်သည် ဘာကိုပေးတော်မူသနည်း။ (၁ ကော ၁၁း၃၊ ၆၊ ၈–၁၁၊ ၁ တိမောသေ

၂း၁၁–၁၄၊ ဧဖက် ၄း၈) --------------
--------------------

၆။ အမျိုးသမီးသည် မိန်းမပီသရန် ပညာကို အဘယ်သို့ ရရှိသနည်း။ (သုတ္တံ ၁း၇၊ ၉း၁၀၊ ၃၁း၃၀၊ ယာကုပ် ၁း၅၊ တိတု ၂း၃–၅) ---
------------------------------

၇။ မိန်းမသည် အသက်တာတွင် မိမိနေရာကို အဘယ်သို့ ရှာတွေ့သ နည်း။ သုတ္တံ ၁၄း၁၊ ၃၁း၃၁၊ မဿဲ ၂၆း၆–၁၃၊ တမန်တော် ၉း၃၆) ------------------------------
------------

၈။ မိန်းမသည် ဘုရားသခင်၏ပညာ၌ အသက်မရှင်ပါက ဘာနှင့်တူ သနည်း။(သုတ္တံ ၁၄း၁၊ ၉း၁၃–၁၇၊ ၃၀း၂၀၊ ၂တိမောသေ ၃း၆) ---
------------------------------

၉။ အပြစ်ထဲတွင် အသက်ရှင်သော မိန်းမ၌ ဘာများဖြစ်လာမည် နည်း။(သုတ္တံ ၁၀း၂၇–၃၀၊ ၁၃း၉) --------------------

၁၀။ ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်သော မိန်းမအတွက် မည်သည့် ကတိတော်ရှိသနည်း။(သုတ္တံ ၃း၅–၈) ------------------------------------------

၁၁။ အသက်တာအပေါ် အမျိုးသမီး၏ သဘောထားသည် အဘယ်သို့ ဖြစ်သင့်သနည်း။ (ဖိလိပ္ပိ ၄း၄–၇) ----------------------------------------------

၁၂။ အမျိုးသမီးသည် အခြားသူများနှင့် အဘယ်သို့ ဆက်ဆံသင့် သနည်း။(၁ယော ၄း၇၊ ဂလာတိ ၅း၁၃–၁၄၊ ၁တိမောသေ ၅း၁–၂) ------------------------------

၁၃။ ဘုရားသခင် မိန့်တော်မူသည်အတိုင်း အခြားသူများကို ချစ်သောအခါ ဘာဖြစ်လာသနည်း။ (ရောမ ၁၂း၂၁) ----------------------------------------------

၁၄။ ဘုရားသခင်၏ တန်ခိုးတော်ဖြင့် မကောင်းမှုကို အောင်မြင်ခြင်း ၏ရလဒ်သည် အဘယ်

နည်း။ (ဗျာဒိတ် ၂၁း၇) --------------
-------------------------------

**အခြေခံ မေးခွန်းများ။** (အမျိုးသမီးများ အတွက်သာ) လေ့လာသည့်အတိုင်း အက်ရှင်ရာတွင် အထောက်အကူ ဖြစ်စေရန်။

၁။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်းဖြစ်သည်ဟု မိမိကိုယ်ကိုယ် ရှုမြင်ပါသလား။ မှန် ---၊ မှား ---။ ယင်းသို့မဟုတ်ပါက ဤအဖြစ်မှန်ကို ရှုမြင်ခံစားနိုင်ရန် ဆုတောင်းပါ။

၂။ အသက်တာကို ယေရှုခရစ်ထံ ဆက်ကပ်အပ်နှံပြီးပြီလား။ မှန် ---၊ မှား ---။ ယင်းသို့မဟုတ်ပါက ဤအတိုင်း ဆုတောင်းပါ။

ဘုရားသခင် ယေရှုအားဖြင့် ပြတော်မူသော မေတ္တာတော်ကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်ကို ကျွန်မလိုအပ်ပါ၏။ ကျွန်မ၏ အပြစ်များမှ နောင်တရလျက် နှလုံးသားဖွင့်ပေးပါ၏။ စာတန်နှင့် ဤလောကအရာများ

မှ ကိုယ်တော့်ထံသို့ ပြန်လာပါ၏။ ကျွန်မ၏ အပြစ်ကြောင့် အသေခံပြီး သေခြင်းမှထ မြောက်ကြောင်း ကျွန်မယုံကြည်ပါ၏။ကျွန်မ၏ နှလုံးသားထဲသို့ ဝင်လာပြီး ကျွန်မ၏ဝိညာဉ် ကို ကယ်မတော်မူပါ။ ကျွန်မ၏အရှင်၊ ကယ် တင်ရှင်ဖြစ်လာပြီး အသက်တာကို အုပ်စိုး တော်မူပါ။ ကျွန်မ၏ ဆုတောင်းသံကို အဖြေ ပေးသောကြောင့် ကျေးဇူးတင်ပါ၏။ ယေရှု နာမဖြင့် ဆုတောင်း ပါ၏။ အာမင်။

၃။ သင်သည် အသက်တာအတွက် ဘုရား သခင်၏ အကြံအစည်တော်ကို ပြည့်စုံစေရန် ဘုရား သခင်ပေးတော်မူသော မိသားစုနေခြင်း အားဖြင့် အသက်ရှင်ပါသလား။ မှန် ---၊ မှား ---။ ဤသို့ မဟုတ်ပါက ဘုရား သခင်အား ဆုတောင်းပါ။

၄။ သင်သည် ဘုရားသခင် ဖန်ဆင်းသည့်အတိုင်း လက်မခံဘဲ ယောကျ်ားကဲ့သို့ ဖြစ်ရန် ကြိုးစား နေပါသလား။ မှန်--၊ မှား --။

ယင်းသို့ဖြစ်ခဲ့ပါက ဘုရားသခင်သခင်၏ အုပ်စိုးခြင်းကို ဝန်ခံသော နှလုံးသားကိုပေးရန်နှင့် နောင်တရပြီး ဆုတောင်းပါ။

၅။ သင့်အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်၌ ဝမ်းမြောက်ပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက ကျေးဇူးတင်သော နှလုံးသားကို ပေးတော်မူရန် ဆုတောင်းပါ။

၆။ သင့်ပတ်ဝန်းကျင်ရှိ လူတို့ကို မေတ္တာပြခြင်းဖြင့် ဤလောကရှိ မကောင်းမှုများကို အောင်မြင်ကျော်လွှားနိုင်ရန် ကြိုးစားပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက နောင်တရပြီး ယင်းသို့ပြုနိုင်ရန် ဆုတောင်းပါ။

**ကျက်မှန်ရန်။** ကမ္ဘာဦးကျမ်း ၂း၁၈ ကို ကျက်မှတ်ခြင်းဖြင့် နှုတ်ကပတ်တော်ကို သင့်နှလုံးသား၌ သိုလှောင်ပါ။

**အခြားသူများကို ကူညီသောမိန်းမအား**
**ကောင်းကြီးခံစားသောသူဟု ခေါ်ခြင်းခံလိမ့်မည်။**

# သင်ခန်းစာ ၃။

# လင်ယောကျ်ား

## (ဘုရားသခင်ကို ရှိသေသော လင်ယောကျ်ားဖြစ်ခြင်း)

**ကျမ်းစာ လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို အသုံးပြု မေးခွန်းများကို ဖြေပါ။

၁။ ဘုရားသခင်သည် ဇနီးသည်ရှာခြင်းအကြောင်းကို အဘယ်သို့ မိန့်တော်မူသနည်း။(သုတ္တံ ၁၈း၂၂) ----------------------------------------------------

၂။ ဘုရားသခင်သည် ထိမ်းမြားခြင်းကို အဘယ်သို့ သဘောထားသနည်း။(မဿဲ ၉း၄-၆) ----------------------------

၃။ ယုံကြည်သူသည် ဘယ်သူ့ကို လက်ထပ်သင့်သနည်း။(၂ကော ၆း၁၄-၁၅) --------------------------------

၄။ ယောက်ျားသည် မိသားစုတွင် မည်သည့်ရာထူး ရှိသနည်း။(ဧဖက် ၅း၂၃) ---------------------------------

၅။ ယောက်ျားသည် မိမိဇနီးအပေါ် မည်သည့်တာဝန် ရှိသနည်း။(ဧဖက် ၅း၂၅၊ ၂၈-၂၉၊ ကောလောသဲ ၃း၁၉၊ ၁ကော ၇း၃၊ ၁ပေတရု ၃း၇) --------------------------

၆။ လင်မယားအကြား ဆက်ဆံခြင်းအပေါ် ဘုရားသခင်၏ လမ်းညွှန်ချက်သည် အဘယ်နည်း။ (ဟေဗြဲ ၁၃း၄၊ ၁ကော ၇း၄-၅) ----------------------------------------

၇။ မိသားစု လုပ်ကျွေးခြင်းနှင့် ပတ်သက်၍ ယောက်ျား၏တာဝန်သည် အဘယ်နည်း။ (၁တိမောသေ ၅း၈) -----------------------------------------------

**အခြေခံမေးခွန်းများ။**

(လင်ယောက်ျားများအတွက်သာ) လေ့လာသည်

အတိုင်း အသက်ရှင်ရာတွင် အထောက်အကူပြု ရန်။

၁။ သင့်ဇနီးသည် ဘုရားသခင်၏ လက်ဆောင် အဖြစ် ခံယူပါသလား။ မှန် --၊ မှား -- ။မဟုတ်ပါက ယင်းသို့ခံယူနိုင်ရန် ဆုတောင်း ပါ။

၂။ သင်သည် သင့်မိသားစု၏ ဦးစီးဖြစ်သည်အ တိုင်း မိမိတာဝန်များကို ကျေပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက နောင်တရပြီး မိမိ၏ ဦးစီးတာဝန်ကိုကျေရန် ဆုတောင်းပါ။

၃။ သင်သည် ဘုရားသခင် အလိုတော်ရှိသည် အတိုင်း သင့်ဇနီးအား ချီးမြှောက်ခြင်းနှင့် သူမ၏ဆန္ဒကို ဖြည့်ဆီးခြင်းဖြင့် မေတ္တာကို ပြပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက ယင်းသို့ပြုနိုင် ရန် ယခုဆုတောင်းပါ။

၄။ သင်၏ထိမ်းမြားခြင်းကတိကို စောင့်ထိန်းပါ သလား။ မှန် ---၊ မှား --။မဟုတ်ပါက

နောင်တရပြီး ဇနီးအပေါ်သစ္စာရှိရန် ဆုတောင်းပါ။

၅။ မိသားစု၏ လိုအပ်ချက်များ– ဝိညာဉ်ရေးနှင့် လောကီရေးရာများ ကို ပြည့်စုံအောင် ကြိုးစားပါသလား။ မှန် –––၊ မှား –––။ မဟုတ်ပါက မိသားစု၏ လိုအပ်ချက်များကို ဖြည့်ဆီးပေးနိုင်ရန် ဘုရားသခင်အား ဆုတောင်းပါ။

**ကျက်မှတ်ရန်။** ဧဖက် ၅း၂၅ ကို ကျက်မှတ်ပြီး နှုတ်ကပတ်တော်ကို နှလုံးသားထဲ၌ သိုလှောင်ပါ။

**ယေရှုသည် အသင်းတော်ကို ချစ်တော်မူသည်အတိုင်း ယောကျ်ားသည် မိမိဇနီးအား ချစ်ရပါမည်။**

## သင်ခန်းစာ ၄။

### ဇနီး
(ဘုရားသခင်ကို ရှိသေသော ဇနီးဖြစ်ခြင်း)

**ကျမ်းစာလေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို အသုံးပြု၍ ဖြေဆိုပါ။

၁။ ဘုရားသခင်သည် ထိမ်းမြားခြင်းကို အဘယ်သို့သဘောထား သနည်း။(မဿဲ ၁၉း၄–၆) – ––––––––––––––––––––––––––

၂။ ယုံကြည်သူသည် အဘယ်သူတို့နှင့် လက်ထပ်သင့်သနည်း။(၂ကော ၆း၁၄–၁၅) – ––––––––––––––––––––––––––––––––

၃။ ဇနီးသည် မိမိခင်ပွန်းအပေါ် ဘာလုပ်ရမည်နည်း။ (ဧဖက် ၅း၂၂၊ ၂၄၊ ကောလောသဲ ၃း၁၈၊ ၁ပေ ၃း၁–၆) ––––––––––––––––

၄။ မိသားစု၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အမျိုးသမီးသည် မည်သည့် တာဝန်ရှိသနည်း။ (သုတ္တံ ၃၁း၁၀–၂၈) ––––––––––

၅။ ယင်းသည် သူမ၏ခင်ပွန်းနှင့် ဆက်ဆံရေးတွင် အဘယ်သို့ အကျိုးသက်ရောက်မည်နည်း။ (သုတ္တံ ၁၂း၄) -------------

၆။ လင်မယားအကြား ဆက်ဆံရေးတွင် ဘုရားသခင်၏ လမ်းညွှန်ချက်သည် အဘယ်သို့နည်း။(ဟေဗြဲ ၁၃း၄၊ ၁ကော ၇း၄-၅) --

၇။ သားသမီးထွန်းကားခြင်းကို ဘုရားသခင်က အဘယ်သို့မိန့်တော် မူသနည်း။(၁တိမောသေ ၂း၁၅၊ ဆာလံ ၁၁၃း၉) -----------

**အခြေခံမေးခွန်းများ။** (ဇနီးသည်များ အတွက်သာ) လေ့လာသည်အတိုင်း အသက်ရှင်နိုင်ရန် ကူညီရန်။

၁။ ဘုရားသခင်၌ ဆက်ကပ်သကဲ့သို့ မိမိခင်ပွန်း၌ ဆက်ကပ်ပါသလား။ မှန် ---၊ မှား ---။ ဤသို့မဟုတ်ပါက ဆက်ကပ်နိုင်ရန် ဘုရားသခင်အား ဆုတောင်းပါ။

၂။ မိခင်တစ်ယောက်အနေဖြင့်၄င်း၊ ဇနီးသည်တစ်ယောက်အနေဖြင့်၄င်း သင်၏တာဝန်များကို ကျေ ပွန်ပါသလား။ မှန် ---၊ မှား ---။

မဟုတ်ပါက ယုံကြည်သူ မိခင်၊ ဇနီးသည်အနေဖြင့် တာဝန်များကို ကျေပွန်နိုင်အောင် ဆက်ကပ်ဆုတောင်းပါ။

၃။ သင့်အတွက် ဘုရားသခင်၏ အလိုတော်သည် မိခင်တစ်ယောက် ဖြစ်ခြင်းအားဖြင့် ကမ္ဘာကြီးကို လူတို့နှင့်ပြည့်စေရန် ကူညီရန် ဖြစ်သည်ဟု ယူဆပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက မှန်ကန်စွာ မြင်တွေ့နိုင်ရန် ဆုတောင်းပါ။

**ကျက်မှတ်ရန်။** ဖေက် ၅း၂၂ ကို ကျက်မှတ်ပြီး နှုတ်ကပတ်တော်ကို စိတ်နှလုံးထဲတွင် သိုလှောင်ပါ။

**အသက်တာ၏ ရည်ရွယ်ချက်ကို ပြည့်စုံစေရန် ဇနီးသည် ခင်ပွန်းအား ကူညီရပါမည်။**

## သင်ခန်းစာ ၅

## မိဘတာဝန်
(သားသမီးများ ပြုစုပျိုးထောင်ခြင်း)

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ကျွန်ုပ်တို့၏ သားသမီးများကို ဘယ်သူက ပေးသနည်း။(ဆာလံ ၁၂၇း၃–၅) ------------------------------------

၂။ သားသမီးများအပေါ် ဖခင်၏တာဝန်သည် အဘယ်နည်း။(ဧဖက် ၆း၄၊ ကောလောသဲ ၃း၂၁၊ ယောရှု ၂၄း၁၅) --------------

၃။ သားသမီးများအပေါ် မိခင်၏တာဝန်သည် အဘယ်နည်း။(တိတု ၂း၄၊ သုတ္တံ ၃၁း၂၇) ----------------------------

၄။ ယေရှုအတွက် အသက်ရှင်နိုင်ရန် ကျွန်ုပ်တို့သည် သားသမီးများကို အဘယ်သို့ သွန်သင်ကြသနည်း။(တရားဟောရာ ၆း၃–၉၊ ၁၁း၁၈–၂၁) ---------------------------

၅။ သားသမီးများ ယေရှုအတွက် အသက်ရှင်ခြင်းကို မည်သည်က အဟန့်အတားပြုသနည်း။ ယင်းကို ကျွန်ုပ်သည် အဘယ်သို့ဖြေရှင်း သနည်း။(သုတ္တံ ၂၂း၁၅၊ ၂၃း၁၃–၁၄၊ ၁၃း၂၄၊ ၁၉း၁၈၊ ၂၉း၁၅) -------------
-------------------------------

၆။ သားသမီးများအတွက် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်သော အရေးကြီးဆုံးအရာသည် အဘယ်နည်း။ (မာကု ၁ဝး၁၄) -------------
-------------------------------

၇။ နှုတ်ကပတ်တော်အတိုင်း သားသမီးများကို ပြုစုရာတွင် ဘုရားသခင်၏ ကတိတော်သည် အဘယ်နည်း။(သုတ္တံ ၂၂း၆) -----------
-------------------------------

၈။ ဘုရားသခင်အကြောင်း သွန်သင်ခြင်းမရှိပါက သားသမီးတို့တွင် ဘာဖြစ်လာမည်နည်း။(သုတ္တံ ၂၉း၁၅) -----------------------

၉။ သင်သည် သားသမီးများအတွက် ဘာဖြစ်မည်နည်း။ သူတို့သည်လည်း သင့်အတွက် ဘာဖြစ်ကြမည်နည်း။(သုတ္တံ ၁၇း၆) ------ --------------------------------

၁၀။ သင်သည် ခရစ်တော်အတွက် အသက်ရှင်ပါက သားသမီးတို့သည် ဘာကိုရရှိမည်နည်း။ (သုတ္တံ ၁၃း၂၂) --------------- --------------------------------

**အခြေခံမေးခွန်းများ။** (မိဘများအတွက်သာ)
လေ့လာ သည့်အတိုင်း အသက်ရှင်ရာတွင် ကူညီရန်။

၁။ သားသမီးများကို ဘုရားသခင်၏ လက်ဆောင်အဖြစ် ခံယူပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက ဤအမှန်တရားကို သိရှိနိုင်ရန် ဆုတောင်းပါ။

၂။ သင်တို့သည် သားသမီးများကို ပြုစုသော မိဘများဖြစ်ကြသလား။ မှန် ---၊ မှား --- ။ မဟုတ်ပါက သင်၏တာဝန်များကို ကျေပွန်နိုင်ရန် ဆုတောင်းပါ။

၃။ သားသမီးများနှင့် ပြောဆိုရာတွင် ဘုရားသခင်နှင့်ဆိုင်သောအရာများ ပုံမှန်ဖော်ပြပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက နောင်တရပြီး ဆုတောင်းဆက်ကပ်ပါ။

၄။ သားသမီးများကို မေတ္တာဖြင့် ဆုံးမပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက ဘုရားသခင်၏ အလိုတော်အတိုင်း ဆုံးမနိုင်ရန် ဆုတောင်းပါ။

၅။ သင်၏အနာဂတ်သည် သားသမီးများနှင့်အတူ ယခုသင်ပြုသော အရာ၌ မူတည်နေကြောင်းကို သတိပြုမိသလား။ မှန် ---၊ မှား ---၊ မဟုတ်ပါက သဘောပေါက်နိုင်ရန် ဆုတောင်းပါ။

၆။ ယေရှုအတွက် အသက်ရှင်ရန် ဆုံးဖြတ်ချက်ချနိုင်ရန် သားသမီးများကို ကူညီပါသလား။

မှန် ---၊ မှား ---။ မဟုတ်ပါက ယင်းသို့ကူညီနိုင်ရန် ဆုတောင်းပါ။

**ကျက်မှတ်ရန်။** လုကာ ၉း၂၃
**သားသမီးတို့သည် ဘုရားသခင်၏ လက်ဆောင်များ ဖြစ်ကြသည်။**

## သင်ခန်းစာ ၆

## သားသမီးများ

**ကျမ်းစာလေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို အသုံးပြုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ဘုရားသခင်၏ အိမ်တော်သားများ ဖြစ်ရန် ဘာများလေ့လာရ မည်နည်း။(မာကု ၁၀း၁၅)
______________________

၂။ သားသမီးများဖြစ်သည်နှင့်အညီ အဘယ်သို့ နေထိုင်သင့်သနည်း။ (၁ကော ၁၄း၂၀) ----------------------------------

၃။ သားသမီးသည် မိဘအပေါ် မည်သည့်တာဝန် ရှိသနည်း။(ဧဖက် ၆း၁-၃၊ ကောလောသဲ ၃း၂၀) ---------------------------

၄။ ဘုရားသခင်၏ စကားကို နားမထောင်ရန် မိဘများကို ပြောဆိုပါ

က ဘာလုပ်ရမည်နည်း။(တရားဟောရာ ၂၇း၁၀၊ ၃၀း၁၉-၂၀၊ ဒံယေလ ၁း၆-၂၁) --------------------------------------

၅။ သားသမီးတို့သည် မိဘစကားနားမထောင် ပါက ဘာဖြစ်လာမည်နည်း။(၁တိမောသေ ၄း၁၂၊ ဒေသနာ ၁၂း၁) --------------

၆။ ခရစ်ယာန်တစ်ယောက်အနေဖြင့် ဘာလုပ်ရ မည်နည်း။ (၂တိမောသေ ၂း၂၂၊ ၁တိမောသေ ၄း၁၂၊ ဒေသနာ ၁၂း၁) -------------------------------------

၇။ သားသမီးများအနေဖြင့် ကြီးလာသောအခါ မိဘများအပေါ် မည်သည့်တာဝန်ရှိသနည်း။ (သုတ္တံ ၂၃း၂၂၊ ၁တိမောသေ ၅း၄) ------ ----------------------------

**အခြေခံမေးခွန်းများ။** (သားသမီးများအတွက်သာ) လေ့လာသည်အ တိုင်း အသက်ရှင်နိုင်ရန်။

၁။ သင်သည် နိမ့်ချခြင်းနှင့် မေတ္တာစိတ် ရှိပါသလား။ မှန် ---၊ မှား ---။ မရှိပါက ဘုရားသခင်အား တောင်းလျှောက်ပါ။

၂။ မိဘများကို လေးစားပြီး စကားနားထောင်ပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက နောင်တရပြီး ဆုတောင်းပါ။

၃။ သင်သည် ပုံသက်သေကောင်း ဖြစ်ရန် ကြိုးစားအသက်ရှင်သလား။ မှန် ---၊ မှား ---။ မဟုတ်ပါက နောင်တရပြီး ဆုတောင်းလျက် ကြိုးစားပါ။

၄။ ကြီးလာသောအခါ မိဘများအပေါ် ဆက်လက်တာဝန် ကျေမည်လော။ မှန် ---၊ မှား

---။ မဟုတ်ပါက နောင်ဆရလျက် ကူညီရန် ဘုရားသခင်အား ဆုတောင်းပါ။

**ကျက်မှတ်ရန်။** ၁ကော ၁၄း၂၀ ကို ကျက်မှတ်ပါ။

## သင်ခန်းစာ ၇

### လူလွတ်များ

(အိမ်ထောင်မပြုဘဲနေခြင်း)

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေပါ။

၁။ လူလွတ်များနှင့် ပတ်သက်၍ ကျမ်းစာ၌ အဘယ်သို့ ဖော်ပြသနည်း။(မဿဲ ၁၉း၁၀-၁၂၊ ၁ကော ၇း၁၊ ၈၊ ၁၇) --------------- ------------------------------

၂။ လူလွတ်ဖြစ်ခြင်း၏ အားသာချက်သည် အဘယ်နည်း။(၁ကော ၇း၃၂၊ ၃၄–၃၅) –– ––––––––––––––––––––––––––

၃။ လူသည် လက်မထပ်ဘဲ အဘယ်ကြောင့် မနေသင့်သနည်း။(၁ကော ၇း၂၊ ၉) –––––– ––––––––––––––––––––––

၄။ လူလွတ်သည် တစ်ဦးတည်း နေသင့်သလော။(ဒေသနာ ၄း၉–၁၂၊ ဆာလံ ၆၈း၆) – ––––––––––––––––––––––––––

**အခြေခံမေးခွန်းများ။** (လူလွတ်များအတွက်သာ) လေ့လာသည်အ တိုင်းအသက်ရှင်ရာတွင် ကူညီရန်။

၁။ ဘုရားသခင်သည် သင့်ကို (လူလွတ်အဖြစ်နေရန် သို့မဟုတ် အိမ်ထောင်ပြုရန်)အဘယ်သို့ ခေါ်တော်မူသနည်း။ သင်၏ခေါ်ခြင်းကို ပြည့်စုံစေရန် ဆုတောင်းဆက်ကပ်ပါ။

၂။ သင်တစ်ယောက်တည်း နေသလား။ မှန် –– –၊ မှား –––၊တစ်ယောက်တည်းနေပါ

က ယုံကြည်သူများနှင့်၄င်း၊ မိသားစု၌၄င်း နေနိုင်ရန် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

**ကျက်မှတ်ရန်။** ၁ကော ၇း၁၇ ကို လေ့လာကျက်မှတ်ခြင်းဖြင့် နှုတ်ကပတ်တော်ကို နှလုံးသားထဲတွင် သိုလှောင်ပါ။

## သင်ခန်းစာ ၈

## လိင်ပိုင်းဆိုင်ရာ စံနှုန်းများ

**ကျမ်းစာလေ့လာခြင်း။**

ပေးထားသောကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေပါ။

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အဘယ်ကြောင့် ကိုယ်ခန္ဓာတော်ကို ပေးတော်မူသနည်း။ (၁ကော ၆း၁၃–၁၉) ----------
------------------------------

၂။ လက်မထပ်မီ လင်ဆက်ဆံခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်း တို့ကို ဘုရားသခင်က အဘယ်သို့ မိန့်တော်မူသနည်း။(ဂလာတိ ၅း၁၉–၂၁၊ ဧဖက် ၅း၅–၇) ---------------------------------------------

၃။ လင်နှင့်ပတ်သက်ပြီး ကျူးလွန်ပါက ဘာဖြစ်လာမည်နည်း။ (၁ကော ၆း၁၈၊ သုတ္တံ ၆း၂၆–၂၉) ----------------------------

၄။ မကောင်းသောမိန်းမကို ကျမ်းစာ၌အဘယ်သို့ ဖော်ပြသနည်း။ (သုတ္တံ ၂၃း၂၇–၂၈၊ ၉း၁၃–၁၈) ----------------------

၅။ မိမိမယားကို ပြစ်မှားသောသူကို ကျမ်းစာ၌ အဘယ်သို့ ဖော်ပြသ နည်း။(သုတ္တံ ၆း၃၂) – ---------------------------

၆။ လင်ဆက်ဆံခြင်းနှင့်ပတ်သက်သော စုံစမ်းခြင်းကို အဘယ်သို့ ကျော်လွှားရမည်နည်း။ (၁ကော ၆း၁၈၊ ၂တိမောသေ ၂း၂၂၊ ယာကုပ် ၄း၄–၁၀) ------------------------

၇။ လင်ဆက်ဆံခြင်းကို မည်သည့်အချိန်တွင် လုပ်သင့်သနည်း။ (ဟေဗြဲ ၁၃း၄) ------- -------------------------

**အခြေခံမေးခွန်းများ။** လေ့လာသည့်အတိုင်း အသက်ရှင်နိုင်ရန်၊

၁။ လက်ထပ်ခြင်း မရှိဘဲ လင်ဆက်ဆံခြင်းသည် အပြစ်ဖြစ်ကြောင်း နားလည်ပါသလား။ မှန် ---၊ မှား ---။ နားမလည်ပါက ဖွင့်ပြတော်မူရန် ဘုရားသခင်အား ဆုတောင်းပါ။

၂။ ဤအချက်နှင့် ပတ်သက်ပြီး သင်၏အပြုအမူများအားလုံးအတွက် နောင်တရပါသလား။ မှန် ---၊ မှား ---။ မရပါက အခုနောင်တရပြီး ဆုတောင်းပါ။

၃။ လင်နှင့်ပတ်သက်ပြီး စုံစမ်းခြင်းကို ကြုံတွေ့သောအခါ ရှောင်ပြေး ပါသလား။ မှန် ---၊ မှား ---။ ဤသို့မဟုတ်ပါက နောင်တရပြီး ဘုရားသခင်၏ ကူညီခြင်းအတွက် ဆုတောင်းပါ။

**ကျက်မှတ်ရန်။** ဟောပြ ၁၃း၄ ကို ကျက်မှတ်ပြီး နှုတ်ကပတ်တော်ကို နှလုံးသားထဲတွင် သို လှောင်ပါ။

ဤတပ်မက်ခြင်းကို ရှောင်ရပါမည်။

## သင်ခန်းစာ ၉

## ထိမ်းမြားခြင်းနှင့် ကွာရှင်းခြင်း

**ကျမ်းစာလေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေပါ။

၁။ ကွာရှင်းခြင်းကို ဘုရားသခင်က အဘယ်သို့ ခံစားသနည်း။(မာလခိ ၂း၁၆) ---------------------------------

၂။ ဘုရားသခင်သည် အဘယ်ကြောင့် ကွာရှင်းခြင်းကို ခွင့်ပြုသနည်း။ (မဿဲ ၁၉း၈) ------------------------------------

၃။ မည်သည့်အချိန်တွင် ယောကျာ်းသည်မိမိဇနီးကို ကွာရှင်းနိုင်သနည်း။(မဿဲ ၅း၃၂) ------------------------------

၄။ မည်သည့်အချိန်တွင် ပြန်လည်အိမ်ထောင်ပြုနိုင်သနည်း။(မဿဲ ၁၉း၉၊ ၁ကော ၇း၂၇-၂၈) ------------------------------

၅။ မည်သည့်အချိန်တွင် မိန်းမသည် ယောကျ်ား နှင့် ကွာရှင်းပြီး ပြန်လည် အိမ်ထောင်ပြုနိုင်သနည်း။(၁ကော ၇း၁၀–၁၁၊ ၃၉၊ ရောမ ၇း၂)
——————————————————————————

၆။ ထိမ်မြားခြင်းနှင့် ကွာရှင်းခြင်းပညတ်ကို ချိုးဖောက်သောသူတို့ အား ဘုရားသခင်သည် အဘယ်သို့ ရှုမြင်သနည်း။(မာကု ၁၀း၁၁–၁၂)
——————————————————————————

၇။ ဘုရားသခင်၏ ထိမ်မြားခြင်းနှင့် ကွာရှင်းခြင်း ပညတ်ကို ချိုး ဖောက်သော လူ့အဖွဲ့အစည်း၌ ဘာဖြစ်သနည်း။(ယေရမိ ၂၃း၁၀၊
၅း၇–၉၊ ၁၃း၂၅–၂၇၊ ၂၉း၂၂–၂၃၊ ဟောရှေ ၄း၁–၃) ——————————————————————————

၈။ ဘုရားသခင်၏ ထိမ်မြားခြင်းနှင့် ကွာရှင်းခြင်း ပညတ်ကို ချိုးဖောက်ကြောင်း သိသောအခါ ဘာလုပ်ရမည်နည်း။(၁ကော ၇း၁၇၊ ၂၄၊ ၂၇၊ ၁၀–၁၁၊ ၁ယော ၁း၉) ——————————————————————————

**အခြေခံမေးခွန်းများ။** လေ့လာသည့်အတိုင်း အသက်ရှင်နိုင်ရန်။

၁။ ကွာရှင်းခြင်းကို မုန်းပါသလား။ မှန် ---၊ မှား ---၊ မမုန်းပါက ဘုရားသခင်ကဲ့သို့ မုန်းနိုင်ရန် ဆုတောင်းပါ။

၂။ ထိမ်မြားခြင်းနှင့် ကွာရှင်းခြင်းပညတ်ကို ချိုးဖောက်ခဲ့ပါသလား။ မှန် ---၊ မှား ---။ ချိုးဖောက်ပါက နောင်တရပြီး မှန်ကန်စွာ အသက်ရှင်နိုင်ရန် ဆုတောင်းပါ။

၃။ ထိမ်မြားခြင်းနှင့် ကွာရှင်းခြင်းပညတ်ကို ချိုးဖောက်နိုင်ရန် အခြားသူများအား အားပေးကူညီမှုများ ပြုခဲ့သလား။ မှန် ---၊ မှား ---၊ ပြုခဲ့ပါက ထိမ်မြားခြင်းနှင့် ကွာရှင်းခြင်းပညတ်ကို လိုက်နာနိုင်ရန် ဘုရားသခင်၏ မစခြင်းကို တောင်းလျှောက်ပါ။

၄။ ကွာရှင်းခြင်း၏ကျိန်ခြင်းကို သင့်တိုင်းပြည်မှ ဖယ်ရှားရန် ဆုတောင်း ပါသလား။ မှန် ---၊

မှား ---။ မဟုတ်ပါက ယင်းသို့ စတင်ဆု တောင်းပါ။

**ကျက်မှတ်ရန်။** မာလခိ ၂း၁၆ ကိုကျက်မှတ်ပြီး နှုတ်လုံးသွင်းပါ။

## သင်ခန်းစာ ၁၀

## ပြိုကွဲသော မိသားစု

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကိုဖြေ ပါ။

၁။ ကွာရှင်းသော ယောကျ်ားအတွက် ဘုရားသခင်၏ အလိုတော်သည် အဘယ်နည်း။ (ဖေက် ၅း၂၅၊ ၂ကော ၅း၁၈–၁၉၊ ၁တိမော သေ ၅း၈) ----------------------

၂။ ကွာရှင်းသော မိန်းမအတွက် ဘုရားသခင်၏ အလိုတော်သည် အဘယ်နည်း။(၁ကော ၇း၁၁) ----------------------

၃။ အပြစ်ကြောင့် မိမိလူတို့၏ အိမ်ထောင်များ ပြိုကွဲသောအခါ ဘုရားသခင်သည် အဘယ်သို့ ရှုမြင်သနည်း။(ယေရမိ ၁၄း၁၇) -------- ------------------------------

၄။ မိသားစုအတွက် စိတ်နှလုံးကြေကွဲသော သူတို့အတွက်ဘုရားသခင်၏ အလိုတော်သည် အဘယ်နည်း။(ဆာလံ ၁၄၇း၃၊ ဟေရှာယ ၆၁း ၁) ----------------------------

၅။ ဘုရားသခင်အား ကျွန်ုပ်တို့၏ကြေကွဲသော နှလုံးသားများကို ကုသခွင့်ပြုပြီး ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဖြည့်ဆီးခွင့် ပြုပါက ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ဘာဖြစ်

လာမည်နည်း။ (ဆာလံ ၁၀း၁၄၊ ၁၄၆း၉၊ ၆၈း၅၊ ဟေရှာယ ၅၄း၅) —————————————————————————————————————

၆။ ကျွန်ုပ်တို့၏ ပျက်စီးသော ဆက်ဆံရေးကို ဖြေရှင်းရာတွင် ဘာကို၅။ အိမ်ထောင်ကွဲသော သူတို့သည် ဆုတောင်းခြင်းပြီး ခွင့်လွှတ်ခြင်း များ ပြုလုပ်နိုင်ရန် သူတို့ကိုကူသပေးရန်၊ သူတို့၏လိုအပ်ချက်များ အတွက် ဘုရားသခင် ကို ယုံကြည်အားကိုးရန် တိုက်တွန်းပါသ လား။ မှန် –––၊ မှား –––။ မဟုတ်ပါ က ယခုစတင်လုပ်ဆောင်ပါ။

**ကျက်မှတ်ရန်။** ဆာလံ ၁၄၇း၃ ကိုကျက်မှတ်ပြီး နှုတ်ကပတ်တော်ကို နှလုံးသားထဲ၌ သိုလှောင်ပါ။ အိမ်ထောင်ကွဲသောသူတို့ကို ဘုရားသခင် ကူသ ပေးရန် အလိုတော် ရှိသည်။

# သင်ခန်းစာ ၁၁။

## ကယ်တင်ခြင်းမရသေးသော ချစ်ရသူ သူတစ်ယောက်

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေပါ။

၁။ ကယ်တင်ခြင်းမရသေးသော ချစ်ရသူတစ်ယောက်အတွက် ဘုရားသခင်၏ ကတိတော်သည် အဘယ်နည်း။(တမန်တော် ၁၆း၃၁) –––––––––––––––––––––––––––––––––

၂။ ကယ်တင်ခြင်းမရသေးသော ချစ်ရသူတစ်ယောက်အတွက် ဇနီးသည်သည် ဘာလုပ်ရမည်နည်း။(၁ပေ ၃း၁–၂၊ ၁ကော ၇း၁၃–၁၆၊ သုတ္တံ ၂၂း၆) ––––––––––––––––––––––

၃။ ကယ်တင်ခြင်းမရသေးသော ချစ်ရသူတစ်ယောက်အတွက် ခင်ပွန်းသည်သည် ဘာလုပ်ရမည်နည်း။(ဧဖက် ၆း၄၊ ၁ကော ၇း၁၂၊ ၁၄–

၁၆၊ ဧဖက် ၅း၂၅၊ ကောလောသဲ ၃း၁၉) --
-----------------------------

၄။ ကယ်တင်ခြင်းမရသေးသော ချစ်ရသူတစ်ယောက်အတွက် သားသမီးတို့သည် ဘာလုပ်ရမည်နည်း။(ဧဖက် ၆း၁-၂၊ ၁တိမောသေ ၄း၁၂)
-----------------------------

၅။ ကယ်တင်ခြင်းမရသေးသော သူများနှင့်အတူနေရာတွင် ကြုံတွေ့သောအခက်အခဲများကို ဘုရားသခင်က အဘယ်သို့ မိန့်တော်မူသနည်း။ (ရောမ ၁၂း၁၇-၂၁) ---------
-----------------------------

**အခြေခံမေးခွန်းများ။** လေ့လာသည့်အတိုင်း အသက်ရှင်ရာတွင် ကူ ညီရန်။

၁။ ကယ်တင်ခြင်းမရသေးသော မိသားစုဝင်များကို ကယ်တင်နိုင်ရန် ဘုရားသခင်ကို ယုံကြည်ပါသလား။ မှန် ---၊ မှား ---။ မ ဟုတ်ပါက သူတို့၏ ကယ်တင်ခြင်းအ

တွက် ယုံကြည်ခြင်းရှိနိုင်ရန် ဘုရားသခင်အား ဆုတောင်းပါ။

၂။ သူတို့သည် ခရစ်တော်အတွက် အသက်ရှင်နိုင်ရန် သင်ကူညီသင့် သည့်အတိုင်း လုပ်ဆောင်ပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက သူတို့ကို ခရစ်တော်ထံသို့ ခေါ်ဆောင်နိုင်ရန် ဆု တောင်းဆက်ကပ်ပါ။

၃။ သူတို့နှင့် ဆက်ဆံရာတွင် ခရစ်တော်၏ မေတ္တာတော်ကို ပြသပါ သလား။ မှန် ---၊ မှား ---။ မဟုတ်ပါက သူတို့ကို ခရစ်တော်၏ မေတ္တာတော်နှင့် ချစ်နိုင်ရန် ဆုတောင်းပါ။

**ကျက်မှတ်ရန်။** တမန်တော် ၁၆း၃၁ ကိုကျက်မှတ်ပြီး နှုတ်ကပတ် တော်ကို နှလုံးသွင်းပါ။

## သင်ခန်းစာ ၁၂။

## မိသားစု၏ ငွေရေးကြေးရေး။

**နှုတ်ကပတ်တော် လေ့လာခြင်း။** ပေးထားသော ကျမ်းချက်များကို လေ့လာပြီး မေးခွန်းများကို ဖြေပါ။

၁။ မိသားစု၏ လိုအပ်ချက်များကို မည်သူ့တွင် တာဝန်ရှိသနည်း။ (၁တိမောသေ ၅း၈)-----------------------------

၂။ ဤသို့ပြုရာတွင် ဘုရားသခင်၏ အကူအညီကို အဘယ်သို့ ရရှိသနည်း။(တရားဟောရာ ၈း၁၈၊ မဿဲ ၆း၃၁-၃၃၊ ဖိလိပ္ပိ ၄း၁၉) -------------------------------

၃။ မိသားစု၏ လိုအပ်ချက်များအတွက် ဇနီးသည်သည် မည်သည့် တာဝန် ရှိသနည်း။ (တိတု ၂း၄-၅၊ သုတ္တံ ၃၁း၁၀-၃၁) -----------------------------------

၄။ လူသည် ဘုရားသခင်၏ နိုင်ငံတော်သား ဖြစ်နိုင်ရန်နှင့် ကောင်းကြီးခံစားရန် ဘာလုပ်ရ

မည်နည်း။ (မဿဲ ၄း၁၇၊ တမန်တော် ၃း၁၉၊ ၂တိမောသေ ၁း၉၊ ရောမ ၁၁း၂၉၊ ဧဖက် ၅း၁၇၊ မဿဲ ၂၅း၁၄–၃၀) ––––––––––– ––––––––––––––––––––––––

၅။ အလုပ်နှင့်ပတ်သက်၍ လူသည် အဘယ်သို့သော သဘောထား ရှိသင့်သနည်း။(ဧဖက် ၄း၂၈၊ ၆း၆–၇) ––––––––––––––––

၆။ လူသည် အလုပ်လုပ်ရာတွင် အဘယ်သို့ ဖြစ်သင့်သနည်း။(သုတ္တံ ၁၄း၂၃၊ ၁၃း၁၁၊ ၁၀း၄၊ ၁၆) ––––––––––––––––––––

၇။ ဘုရားသခင် ပေးတော်မူသော ကောင်းကြီးများနှင့် ဘာလုပ်ရမည်နည်း။(သုတ္တံ ၃း၉–၁၀၊ မာလခိ ၃း၁၀–၁၁၊ မဿဲ ၆း၁၉–၂၁၊ ၁ကော ၁၆း၁–၂၊ ၂ကော ၈း၁၂–၁၅၊ ၉း၆–၈) –––– ––––––––

၈။ ငွေကြေးကိုင်တွင်ရာတွင် ဘာကို မလုပ်သင့်သနည်း။(ရောမ ၁၃း၈၊ သုတ္တံ ၂၂း၂၆၊ ၁၇း၁၈) ––––––––––––––––––––

၉။ ၁တိမောသေ ၆း၆–၁၀ အရ ပစ္စည်း ဥစ္စာအပေါ် မည်သည့် သဘောထားသည် ရောင့်ရဲမှုကို ဖြစ်စေသနည်း။ ––––––––––

၁၀။ ငွေအသုံးပြုခြင်းကို ဘာကဦးဆောင် သင့်သနည်း။ (၁ကော ၁၀း၃၁) –––––––––––
–––––––––––––––––––––––––

၁၁။ ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ပေးတော်မူရန် ဘုရားသခင် ကို မည်သည့်အရာက ဟန့်တားသနည်း။ (တရားဟောရာ ၂၈း၁၅–၂၀)
–––––––––––––––––––––––––––––––

၁၂။ ဘုရားသခင်၏ နည်းလမ်းအတိုင်း အသက်ရှင်ပါက မိသားစုတွင် ဘာဖြစ်လာမည်နည်း။ (တရားဟောရာ ၂၈း၁–၁၃) ––––––––––

**အခြေခံမေးခွန်းများ။** လေ့လာသည့်အတိုင်း အသက်ရှင်ရာတွင် အထောက်အကူပြုရန်။

၁။ သင့်မိသားစု လိုအပ်ချက်ကို သင်လုပ်ဆောင်မည့်အရာကို သိပါသလား။ မှန် –––၊ မှား

---။ မသိပါက ပြသတော်မူရန် ဘုရားသခင်အား ဆုတောင်းပါ။

၂။ အသက်တာတွင် ဘုရားသခင်၏ အလိုတော်ကို ဆောင်ရွက်ရန် ကြိုးစားပါသလား။ အလိုတော်အတိုင်း ဆောင်ရွက်ပါက သင့်လိုအပ်ချက်များကို ပေးမည်ဟု ယုံကြည်ပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက ယင်းသို့ယုံကြည်နိုင်ရန် ဆုတောင်းပါ။

၃။ သင်နှင့် သင့်အလုပ်ကို ဘုရားသခင်က ကောင်းကြီးပေးနိုင်ရန် သင့်တွင် အလုပ်နှင့်ပတ်သက်ပြီး မှန်ကန်သော သဘောထားများရှိပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက နောင်တရပြီး မှန်ကန်သော သဘောထားရရှိရန် ဆုတောင်းပါ။

၄။ သင်၏ငွေကို အသုံးပြုရာတွင် ဘုရားသခင်ကို လေးစားပါသလား။ မှန် ---၊ မှား ---။ မဟုတ်ပါက နောင်တရပြီး မှန်ကန်စွာအသုံးပြုနိုင်ရန် ဆုတောင်းပါ။

**ကျက်မှတ်ရန်**။ ဖိလိပ္ပိ ၄း၁၉ ကို ကျက်မှတ်ပြီး နှုတ်ကပတ်တော်ကို နှလုံးသွင်းပါ။

+++++++++++

မိတ်ဆွေ၏အသက်တာတွင် အောင်မြင်ခြင်းများ ရရှိနိုင်ရန်အတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ပြုစုသော သင်ခန်းစာ တွဲများမှ တစ်ခုဖြစ်သည်။ ဆရာ ဟင်ရီသည် နှစ်ပေါင်းလေးဆယ် ကျော်အတွင်း ခရစ်တော်အတွက် အသက်ရှင်ခြင်းဖြင့် ရရှိသော အောင်မြင်ခြင်းများနှင့် လက်ဝါးကပ်တိုင်တော်နှင့် လျှောက်လှမ်းခြင်းအားဖြင့် ကင်ဆာရောဂါမှ ကျန်းမာခြင်းကို ရရှိခံစားခဲ့သည်။ ဤသို့ ကျန်းမာခြင်းရရှိသောအခါ နိုင်ငံအသီးသီးသို့သွားပြီး ယေရှုအကြောင်း ကို ဝေငှကာ၊ ယေရှုအတွက် အသက်ရှင်ခြင်းဖြင့် အောင်မြင်ခြင်းရရှိရန်၊ အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေရန် အမှုတော်မြတ်ကို ဆောင်ရွက်သည်။

ဤအတွေ့အကြုံများအားဖြင့် အသက်တာတွင် အောင်မြင်ခြင်းရရှိနိုင်ရန် ဤအခြေခံသင်ခန်းစာများကို ပြုစုခဲ့သည်။နေ့စဉ်အသက်တာ တွင် ခရစ်တော်အတွက် အသက်ရှင်ခြင်း အားဖြင့် အောင်မြင်မှုများရရှိ နိုင်ရန် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြုစုခြင်းဖြစ်သည်။ အဖွဲ့လိုက်၄င်း၊ တစ်ဦးချင်းအတွက်၄င်း လေ့လာရန်သင့်လျော်သည်။

လူ့ဘ၀အကြောင်းကို အံ့ဩမိပါသလား။
သင့်ပြဿနာများ၏ အရင်းအမြစ်နှင့် အဘယ်သို့
အောင်မြင် ကျော်လွှားရမည်ကို သိလိုပါသလား။
အောင်မြင်သော ခရစ်ယာန်အသက်တာတွင်
အသက်ရှင် လိုပါသလား။
ခရစ်ယာန်အသက်တာအကြောင်းကို
ဝေငှဟောပြော လိုပါသလား။
သို့ဖြစ်လျှင် ဤစာအုပ်သည် မိတ်ဆွေအတွက်
ဖြစ်သည်။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌
ရှင်သန်ကြီးထွားနိုင်ရန်အတွက်
ခရစ်တော်အကြောင်းကို နေ့စဉ်နှင့်အမျှ
ဝေငှသက်သေခံရန် လိုအပ်သည်။
အခြားသူများကို သွန်သင်နိုင်ရန် လေ့လာလိုပါက
ကျွန်ုပ်တို့ကို အောက်ပါအတိုင်း
စာရေးဆက်သွယ်နိုင်သည်။

ထုတ်ဝေသူ **Bro. Henry Pulsifer**

**&**

ရုပ်ပြစီစဉ်သူ Paula Mingucci

BASIC INSTITUTE REQUEST FORM

__ I would like to train in English .

NAME ______________________________________

Please send me the BASIC Institute Catalog.

ADDRESS ____________________________________

CITY ________________ STATE _____ ZIP ________

COUNTRY______________________________________

HOME PHONE ______________________________
WORK PHONE ______________________________
__ I have a prayer request.
CELL PHONE ____________________________
(Please put on back)
BEEPER ________________________________

MAIL TO:
FAX ____________________________________
EMAIL __________________________________
BASIC Institute
P.O. Box 431
Kiln, MS 39556
USA

or

Phone (228) 255-9251 / Fax (228) 255-8927
Email basic@basicministries.com
Web page www.basicministries.com

ဆက်သွယ်ရန် လိပ်စာ **basicburmese@yahoo.com**